# Highlights from DVB Debate's Curriculum Reform Show

## February 18, 2017

## "How to make schools reform inclusive?"

"လက်ရှိပညာရေးဌာနကနေ အရင် ကျမတို့တွေပါခဲ့တဲ့ လုပ်ခဲ့တဲ့ ဂေဖန်ပိုင်းခြားသုံးသပ်တတ်တဲ့ စနစ်ကို ဦးစားပေး သင်ပေးမယ့် သင်ရိုးကို မဖျက်ဘဲ ဆက်သုံးမယ်လို့ ကြားတယ်။ အဲဒဲအတွက် အင်မတန်လည်း ဂုဏ်ယူပါတယ်။ သင်ရိုး စာအုပ်တွေကိုလည်း ပုဂ္ဂလိကကို ရိုက်နိုပ် ရောင်းချခွင့် မပေးဘဲ နိုင်ငံတော်က ပြန်ရောင်းချပေးသင့်တယ်လို့ မြင်တယ်"

ဒေါက်တာ ရင်ရင်နွယ် - သမ္မတပညာရေး အကြံပေးအဖွဲ့ခေါင်းဆောင်(၂၀၁၄-၂၀၁၆ မတ်)၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ကော်မတီဝင်ဟောင်း

---

"ပညာရေးဝန်ကြီးပြောတဲ့ စကားတွေ ကြားရတာ စိတ်မချမ်းသာဘူး။ ဆရာ/ဆရာမတွေကို စွမ်းဆောင်ရည်ညံ့ရင် အဝေးကို ပို့မယ်ဆိုတော့ အဝေးက ကျေးလက်ဒေသတွေမှာ နေကြတဲ့ လူတွေကရော ကျနော်တို့ ကလေးတွေ လူတွေပဲ မဟုတ်ဘူးလား"

ကောင်းဆက်နိုင် - စာရေးဆရာ/ကျောင်းဆရာ(ငြိမ်း)

---

"ဆရာတို့ပြောနေတာမှာ တိုင်းရင်းသားဘာသာစကား သင်ကြားခွင့်နဲ့ မိခင်ဘာသာစကားအသုံးချ သင်ကြားမယ့် စနစ်က မတူပါဘူး. ဒီလိုသာဆို ကျမတို့ မန္တလေးလို နေရာမျိုး.လားရှိုး၊ နမ့်ဆမ်လို ဒေသမှာ တရုတ်စကား သင်ရမှာလား? အမျိုးသားရေးက ရှိသေးတယ်လေ"

ဒေါက်တာ ရင်ရင်နွယ် - သမ္မတပညာရေးအကြံပေးအဖွဲ့ခေါင်းဆောင်(၂၀၁၄-၂၀၁၆ မတ်)၊ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီဝင်ဟောင်း

"သဘာမတူပါဘူး ဆရာမခံစားချက်နဲ့ ကျနော့်ခံစားချက် မတူဘူး။ နယ်စပ်ဒေသတွေ စစ်ဖြစ်နေတဲ့ ဒေသတွေမှာ ဗမာစကား လုံးဝမတတ်တဲ့ ကရင်/မွန်တွေရှိတယ်။ ကျနော်သင်စေချင်တာက အဆင့်မြင့် ပညာကို သူတို့မိခင်စကားနဲ့ သင်ပေးပါ။ ဗမာတွေ စိတ်မပူပါနဲ့ စိတ်ကူးယဉ် စိတ်ပူလွန်းနေတယ်"

နိုင်ငွေသိန်း - လူကြီးသူမများအဖွဲ့၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်

---

"သင်ကြားမှုစနစ်ကောင်းဖို့ရာ ဆရာ/ဆရာမတွေ ခြစားတာတွေလည်း တိုက်ဖျက်ရမယ်။ သင်ရိုးတွေနဲ့ပတ်သက်လို့လည်း ဆရာ/ဆရာမတွေကို သင်တန်းပေးရမယ်။ စာသင်ခန်းတွေ

တိုးချဲ့ဆောက်ပေးရမယ် တတန်းကို ကျောင်းသား ၂၀လောက်ပဲ ထားပါ. ကျောင်းသား အယောက် ၅၀-၆၀ ဟာ အင်မတန်များပါတယ်”

ဒေါက်တာ ရင်ရင်နွယ် - သမ္မတပညာရေးအကြံပေးအဖွဲ့ခေါင်းဆောင်(၂၀၁၄-၂၀၁၆ မတ်)၊ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီဝင်ဟောင်း

---

“ကျနော်တို့ ကရင်ပညာရေးဌာနမှာ ဆရာ၊ ဆရာမတွေကို နှစ်စဉ်ကို မွမ်းမံသင်တန်းလုပ်တယ်။ ဆရာ၊ ဆရာမတွေက ကရင်လို သင်တယ်.ကျနော်တို့ ပညာရေးမှာ စဉ်းစားရင် တတိုင်းပြည်ထဲစဉ်းစားလို့မရဘူး. အာဆီယံဒေသ အခြေအနေ၊ ကမ္ဘာ့အခြေအနေတွေပါ ထည့်စဉ်းစားဖို့ လိုပါတယ်”

စောလားစေး - ဌာနမှူး၊ ကရင်ပညာရေးဌာန

---

“အတန်းတိုင်း အတန်းတိုင်းမှာ ဗမာစာက အခက်အခဲ မဟုတ်ဘူး သင်ရိုးတွေက မြန်မာမှုတွေဖြစ်နေတယ်. တိုင်းရင်းသားကလေးတွေက ဆွမ်းအုပ်နီနီအမေရွက်လို့ ဆိုတာကို သူတို့ နားမလည်ဘူးဗျာ. မြန်မာသင်ရိုးတွေကို ဘာသာပြန်တဲ့စနစ်နဲ့ သွား မသင်ပါနဲ့. တိုင်းရင်းသားကလေးတွေမှာ ဆိုက်ကိုဖြစ်နေတယ် အဟောသိကံတွေဖြစ်နေတယ် အဟောသိကံဆိုတာက ကျောင်းထွက်ကြတာကို ပြောတာဗျာ။”

လူကြီးသူမများအဖွဲ့၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်

---

“KG သင်ရိုးညွှန်းတန်းတွေ ပြောင်းလိုက်တာ အရမ်းကောင်းပါတယ် ကလေးတွေက ကျောင်းမတက်ရ မနေနိုင်လိုက်အောင်ကို သင်ရိုးတွေ သင်နည်းစနစ်တွေ အောင်မြင်ပါတယ်. ဒီအတိုင်းပဲ ပထမတန်းကနေ ၁၀ တန်းအထိ ပြောင်းလဲကြဖို့ လိုပါတယ်”

ဒေါက်တာ ခင်ယုနွယ် - ဆီလီကွန် ပုဂ္ဂလိက အထက်တန်းကျောင်း

---

“မူလတန်းကနေ အလယ်တန်းအထိကို တိုင်းရင်းသားဘာသာစကားနဲ့ သင်ကြားခွင့်ပေးပါ”

ဆလိုင်းဒိုခါရန် - ကံ့ကော်ပညာရေးစင်တာ

---

“ကျောင်းစာကြည့်တိုက်ကို သော့ခတ်ထားတာ မဟုတ်ဘူးဗျ. စာအုပ်ကို မရှိတာ”

နိုင်ငွေသိန်း - လူကြီးသူမများအဖွဲ့၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်

---